# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 19, 2022 | Volume 50, Number 12


၁၉.၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၁၃ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၆၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၅.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၇.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၇.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၇.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၉.၁၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃.၇၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၆၅၉ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကွမ်းသီးပင်ကို ရေမြေရာသီဥတုအပေါ်မူတည်၍ ခါတော်မီ စိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်လာကြ



https://greenwaymyanmar.com/posts/betel_nut

ကွမ်းသီးစိုက်ပျိုးရာတွင် မိမိဒေသရေမြေရာသီဥတုအပေါ်မူတည်၍ ခါတော်မီစိုက်ပျိုးစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်လာကြကြောင်း တနင်္သာရီတိုင်းဒေသကြီးရှိ ကွမ်းသီးပင်စိုက်ပျိုးသူများထံမှသိရသည်။ "ကျွန်တော်က ကွမ်းသီးပင်ရေ တစ်သောင်း စိုက်ပျိုးထားပါတယ်။ ကွမ်းသီးပင်တွေကို ခါတော်မီစိုက်ပျိုးနည်းနဲ့ အဓိကစိုက်ပျိုးထားပါတယ်။ ခါတော်မီစိုက်ပျိုးတယ်ဆိုတာက တောခုတ်တဲ့အချိန်ဆို တောခုတ်ပေးတယ်။ မိုးဦးမှာ တစ်နှစ်ကို တစ်ကြိမ်လောက်တော့ အစာကျွေးပေးတယ်။ ရေကတော့ သဘာဝအတိုင်းပဲထားတယ် ရေမပေးနိုင်ဘူး။ ကိုယ့်မှာရှိတဲ့မြေလေးနဲ့ သင့်တော်တဲ့ပင်ကြားတန်းကြားကိုထားတယ်။ စိုက်ပျိုးမယ့် တောင်သူက ကိုယ်စိုက်မယ့်ဒေသနဲ့ရာသီဥတုအပေါ်ချိန်ဆပြီး ကိုယ်က ဘယ်စိုက်ပျိုးနည်းနဲ့ သင့်တော်မလဲဆိုတာကို ချင့်ချိန်စိုက်ပျိုးရပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်မှ ကွမ်းသီးပင်စီးပွားဖြစ်စိုက်ပျိုးသူ ကိုအောင်ကျော်မျိုးက ပြောသည်။

ကွမ်းသီးပင် စိုက်ပျိုးကြရာတွင် မိရိုးဖလာစိုက်ပျိုးနည်း၊ ခါတော်မီစိုက်ပျိုးနည်း၊ စံချိန်မီစိုက်ပျိုးနည်းဟူ၍ စိုက်ပျိုးနည်း (၃) မျိုးဖြင့် အများအားဖြင့် စိုက်ပျိုးလေ့ရှိကြောင်း ကိုယ်တိုင်စိုက်ပျိုးနေသူများထံမှသိရသည်။ "ပင်ကြားတန်းကြားကိုလည်း ကိုယ့်မှာရှိတဲ့မြေအကျယ်အဝန်း ခြံရဲ့ဖွဲ့စည်းပုံတွေကိုမူတည်ပြီးပဲ ထားရပါတယ်။ ပုံမှန်အားဖြင့်ဆိုရင်တော့ မြေပြန့်တွေဆိုရင် ၁၀ ပေပတ်လည်ထားရတယ်။ တောင်မြေဆိုရင်တော့

အတိအကျမဟုတ်ဘဲ နည်းနည်းလျှော့ထားတာမျိုးလည်းရှိတယ်။ တစ်ချို့လည်း တြိဂံပုံစံစိုက်ကြပါတယ်။ သို့သော် အပင်ရေအများကြီးနဲ့ ဖြစ်သွားရင်တော့ အတိအကျတွက်ချက်လို့တော့ မရတော့ဘူးပေါ့။ ကွမ်းသီးပင်က မြေရှိရင်စိုက်လို့ရပေမယ့် ဒေသတိုင်းမှာ အထွက်နှုန်းကောင်းတာမဟုတ်ပါဘူး။ တနင်္သာရီတိုင်းမှာတော့ အဓိကစိုက်ပျိုးဖြစ်ထွန်းတယ်။ ပြီးတော့ ရခိုင်ရိုးမတစ်ဝိုက်နဲ့ ဧရာဝတီတိုင်းဘက်တွေမှာ ဖြစ်ထွန်းမှုရှိပါတယ်"ဟု ကိုအောင်ကျော်မျိုးက ဆက်လက်ပြောသည်။ ကွမ်းသီးပင်သည် သဲဆန်သောမြေကို မနှစ်သက်ဘဲ သမပိုင်းရာသီဥတုတွင် ပိုမိုဖြစ်ထွန်းအောင်မြင်သည့် နှစ်ရှည်အပင်တစ်မျိုးဖြစ်ကြောင်းသိရှိရသည်။

**Source:** https://greenwaymyanmar.com/posts/betel_nut

## ရန်ကုန်မြို့ ဇဟိုစံပြငါးဈေးသို့ နေ့စဉ် ငါးပိဿာချိန် နှစ်သိန်းခွဲခန့် ဝင်ရောက်လျက်ရှိ



https://www.myawady.net.mm/node/21002

ရန်ကုန်မြို့ ဇဟိုစံပြငါးဈေးသို့ နေ့စဉ်ငါးပိဿာချိန် နှစ်သိန်းခွဲခန့် ဝင်ရောက်လျက်ရှိကြောင်း ဇဟိုစံပြငါးဈေးမှ ငါးဒိုင်လုပ်ငန်းရှင်တစ်ဦး၏ ပြောဆိုချက်အရသိရသည်။''ဇဟိုစံပြငါးဈေးကို လောလောဆယ် ရေထွက်ကုန်ကားအစီးရေ ၂၀ လောက်နဲ့ ပိဿာချိန် နှစ်သိန်းခွဲလောက် ဝင်တယ်။ ငါး မြစ်ချင်း၊ ငါးတန်၊ ငါးမုတ်နဲ့ပုစွန်တွေဝင်နေတာပါ။ အဲဒီထဲမှာ ငါးမြစ်ချင်းကတော့ အဝင်နည်းတယ်။ အရင်ထက်တော့ အနည်းငယ်လျော့သွားတယ်။ အရင်က ပိဿာချိန် ငါးသိန်းကနေ ၁၀ သိန်းကြားဝင်တယ်။ အခုက ရွှေပိတောက်ငါးဈေးကိုပဲ ဝင်တာများတယ်။ တွံတေးက ငါးဒိုင်တွေကိုသွားတယ်။ တချို့က ကိုယ့်ကန်မှာ ကိုယ်ရောင်းကြတယ်''ဟု ၎င်းကပြောသည်။

ဇဟိုစံပြငါးဈေးသို့ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးတို့မှ ငါး၊ ပုစွန် ရေထွက်ကုန်များ အဓိကဝင်ရောက်ပြီး ဇဟိုစံပြငါးဈေးမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များအပါအဝင် တခြားတိုင်းဒေသကြီးနှင့် ပြည်နယ်တို့သို့ ပြန်လည်ဖြန့်ဖြူးကြောင်းနှင့် ပြည်ပနိုင်ငံတို့သို့လည်း တင်ပို့ကြောင်းသိရသည်။

ဇဟိုစံပြငါးဈေးသို့ ကုန်းလမ်း၊ ရေလမ်းတို့မှ တစ်ဆင့် ရေထွက်ကုန်များဝင်ရောက်ကြောင်း၊ လက်ရှိတွင် နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်ခွင့်ပြုလိုက် ခြင်းနှင့် ကန်များတွင် ငါးများနည်းနေခြင်းတို့ကြောင့် ငါးဈေးအနည်းငယ် တက်လာပြီး ငါးမြစ်ချင်းတစ်ပိဿာလျှင် ယခင် ငွေကျပ် ၃၀၀၀ မှ ယခု ငွေကျပ် ၃၅၀၀ မှ ၄၀၀၀ အထိရှိကြောင်း၊ တစ်ပိဿာအောက်အရွယ် ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ အထိရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/21002

## ရန်ကုန်ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်နယ်စပ်မှ ဇန်နဝါရီ ၁၇ ရက်က ကိုဗစ်-၁၉ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းရာတွင် လုပ်ငန်းသုံးအောက်ဆီဂျင်စက် တစ်ခု၊ ဆေးဝါးမျိုးစုံ ၂၅ မျိုး ၅၂၅၇၀ ဒသမ ၇၉ ကီလိုဂရမ်ပါဝင်

ရန်ကုန်ဆိပ်ကမ်းများနှင့် ချင်းရွှေဟော်နယ်စပ်မှ ဇန်နဝါရီ ၁၇ ရက်က ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများ တင်သွင်းခဲ့ရာ၌ လုပ်ငန်းသုံး အောက်ဆီဂျင်စက်တစ်ခု၊ ဆေးဝါးမျိုးစုံ ၂၅ မျိုး ၅၂၅၇၀ ဒသမ ၇၉ ကီလိုဂရမ်ပါဝင်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်စစ်ဆေး ထုတ်ပေးလျက်ရှိရာ ဇန်နဝါရီ ၁၇ ရက်က ရန်ကုန်ဆိပ်ကမ်းများမှ လုပ်ငန်းသုံး အောက်ဆီဂျင်စက်တစ်ခု၊ ဆေးဝါးမျိုးစုံ ၂၅ မျိုး ၅၂၅၇၀ ဒသမ ၇၉ ကီလိုဂရမ်၊ ချင်းရွှေဟော်နယ်စပ်မှ ကုမ္ပဏီနှစ်ခုမှ Disposable Syringe ၁၇၈၀၀၊ Disposable Needle ၁၇၀၀၀၊ Paracetamol Tablet ၇၆၂၀၊ Vitamin C Tablet ၃၇၉၄၀၊ Pai B6 Tablet ၉၂၀၀၊ Pai Mico Cream ၁၅၀၀၀၊ Glucose Injection ၄၀၅၆ ခု၊ Pai Gelusi Chewable Tablets ၃၅၄၀၊ Crimetidine Injection ၂၅၆၀၊ Pai Diclo Injection ၂၁၆၀၊ Medical Mask ၄၈၃၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့် အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနဝက်ဘ်ဆိုက်ဖြစ်သည့် [www.commerce.gov.mm](http://www.commerce.gov.mm) ၌ ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် Oxygen Concentrator များ တင်သွင်းမှုကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ထောက်ခံချက်နှင့် သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုဘဲ ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်း ကင်းလွတ်ခွင့်ဖြင့် လျင်မြန်စွာ တင်သွင်းခွင့်ပြုပေးလျက်ရှိသည်။

**Source:** https://news-eleven.com/article/224139

## တရုတ်-မြန်မာစီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့ ပြင်ဆင်ဖွဲ့စည်း

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီအောက်တွင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အဖွဲ့ ၁၂ ဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း တရုတ်- မြန်မာ စီးပွားရေးစင်္ကြံပူးတွဲကော်မတီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) အရ သိရသည်။

ပြင်ဆင်ဖွဲ့စည်းခဲ့သည့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း အဖွဲ့ ၁၂ ဖွဲ့မှာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊ ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊ သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊ စွမ်းအင်ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊ စိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊ နယ်စပ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊ ဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၊ ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊ ခရီးသွားလာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၊ သတင်းအချက်အလက် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၊ ဒေသအဆင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၊ ဂေဟစနစ်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့တို့ဖြစ်ကြောင်းသိရသည်။

ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့သည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်စီမံကိန်း (Master Plan) ရေးဆွဲပြီး ပင်မစီမံကိန်းဘောင်အတွင်းမှ ကဏ္ဍအလိုက်စီမံကိန်းများကို ကာလပိုင်းခြားအလိုက် ရေးဆွဲခြင်း၊ မြို့ပြအခြေခံအဆောက်အအုံ ဖော်ဆောင်ရာတွင် ပြုပြင်ပြောင်းလဲခြင်းဖြင့် နှစ်နိုင်ငံလုံးမှ မြို့တော်များနှင့် ခရိုင်များအကြား ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန် သင်ယူမှုများမြှင့်တင်ပေးခြင်းတို့ကို အဓိကလုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ကုန်ထုတ်စွမ်းအားနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့သည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း ဖြစ်ပေါ်လာသော ပြဿနာများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဖြေရှင်းခြင်း၊ စင်္ကြံ၏ ကျောရိုးမကြီးဖြစ်သည့် စီမံကိန်းများပြီးစီးရေးကို မြှင့်တင်ဆောင်ရွက်ခြင်း၊ ချည်မျှင်၊ ဆောက်လုပ်ရေးပစ္စည်း၊ အီလက်ထရောနစ်၊ မော်တော်ယာဉ်၊ စက်ပစ္စည်း၊ ဓာတုအင်ဂျင်နီယာလုပ်ငန်း၊ သတ္တုဗေဒ၊ သတင်းအချက်အလက်ဆက်သွယ်ရေးနှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ 'Belt and Road' ကုန်ထုတ်လုပ်ရေးဇုန်များ တည်ဆောက်မှုအပြင် နည်းပညာလွှဲပြောင်းရေးနှင့်ဆိုင်သော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ခြင်းတို့ကို အဓိကလုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့သည် ရွှေလီ-မန္တလေး-ကျောက်ဖြူ အဝေးပြေးလမ်းပိုင်းနှင့် မန္တလေး -နေပြည်တော်-ရန်ကုန်အဝေးပြေးလမ်းပိုင်းကို ဦးစားပေးဆောင်ရွက်ခြင်း၊ အဝေးပြေးလမ်းမ၊ ရေလမ်းကြောင်း၊ ဆိပ်ကမ်း၊ လေကြောင်းနှင့် စည်ပင်သာယာဆိုင်ရာ အခြေခံအဆောက်အအုံတိုးတက်ရေးကို ဆောင်ရွက်ခြင်း၊ ကျောက်ဖြူ ဆိပ်ကမ်း၊ ရွှေလီ-မန္တလေး-ကျောက်ဖြူရထားလမ်းပိုင်းနှင့် မန္တလေး-နေ ပြည်တော်-ရန်ကုန်ရထားလမ်းပိုင်း တိုးတက်မှု ရှိစေရေး ဆောင်ရွက်ခြင်း၊ သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ခြင်းတို့ကို အဓိကလုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

စွမ်းအင် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့သည် လျှပ်စစ်ဓာတ်အား၊ လျှပ်စစ်ကွန်ရက်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း၊ တရုတ်-မြန်မာလျှပ် စစ်ဓာတ်အားစနစ် အပြန်အလှန်ချိတ်ဆက် ဆောင်ရွက်ရေးစီမံချက်ကို အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊ တရုတ်-မြန်မာလျှပ်စစ် ဓာတ်အားပူးပေါင်းဆောင်ရွက်ရေးကော်မတီအပေါ် အခြေပြုလျက် စကြံနှင့်ဆက်နွယ်သော လုပ်ငန်းကဏ္ဍများနှင့်သက်ဆိုင်သည့် စွမ်းအင်ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းကို အဓိက လုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့သည် နှစ်နိုင်ငံအကြား သင့်လျော်သည့် ဒေသတွင် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်နိုင်ရေး တိုက်တွန်းဆောင်ရွက်သွားခြင်း၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုဇုန်များအကြား လူအဝင်/အထွက်၊ ယာဉ်နှင့် ကုန်စည်များစီးဆင်းမှု အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက် ခြင်း၊ အခြေခံအဆောက်အဦ၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်လုပ်မှု၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကဏ္ဍများ တွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ဖလှယ်မှုများတိုးတက်ခိုင်မာလာစေရေး ဆောင်ရွက်ခြင်းတို့ကို အဓိကလုပ်ငန်းတာဝန်အဖြစ် လုပ်ဆောင်ရမည်ဖြစ်သည်။ ကျန်လုပ်ငန်းအဖွဲ့များတွင်လည်း အဓိကလုပ်ငန်းတာဝန်များ အသီးသီးသတ်မှတ်ထားကြောင်း သိရသည်။

**Source:** https://news-eleven.com/article/224154

## အင်ဒိုနီးရှားမှာ စားအုန်းဆီတင်ပို့ခွင့်ပါမစ် လျှောက်ထားရယူရန်လိုအပ်မည်ဟု မူဝါဒရုတ်တရက်ပြောင်းလဲ



https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4225-indonesia-require-palm-oil-export-permits.html

အင်ဒိုနီးရှားနိုင်ငံသည် စားအုန်းဆီ ပြည်ပတင်ပို့ရောင်းချသူများကို ပို့ကုန်ပါမစ် ရယူရမည့် အစီအစဉ်ကို စတင်ကျင့်သုံးတော့မှာ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပါတယ်။

အင်ဒိုနီးရှား ပြည်တွင်းမှာ ချက်ဆီဈေးနှုန်းများ မြင့်တက်လာမှုကို ထိန်းချုပ်ရန်အတွက် စားအုန်းဆီပြည်ပတင်ပို့မှုကို ထိန်းကျောင်းခြင်း ဖြစ်တယ်လို့ ဆိုပါတယ်။

ကမ္ဘာ့စားအုန်းဆီအများဆုံး ထုတ်လုပ်တင်ပို့ရောင်းချသော နိုင်ငံ ဖြစ်တဲ့ အင်ဒိုနီးရှားမှာ ကမ္ဘာ့စားအုန်းဆီဈေး ကြီးမြင့်နေတဲ့အလျောက် ပြည်တွင်း စားအုန်းဆီဈေးနှုန်းများလည်း ယခုနှစ်အစောပိုင်းကထက် ၄၀ ရာခိုင်နှုန်းခန့် မြင့်တက်နေတာကြောင့် ဆီဈေးပြန်ကျဖို့ အတွက် ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

အာဏာပိုင်များက ပြည်တွင်းဈေးကွက်တွင် ရောင်းချနေတဲ့ ဟင်းချက်ဆီများအတွက် ဈေးနှုန်းတစ်ခုတည်းကို သတ်မှတ် ပြဋ္ဌာန်းပေးမယ်လို့ဆိုပါတယ်။ ဆီဈေးသက်သာအောင် အစိုးရမှထောက်ပံ့ကြေးပေးနေတာကိုလည်း ထိရောက်မှုရှိစေဖို့ စည်းမျဉ်း စည်းကမ်းအသစ်တွေ ပြဋ္ဌာန်းမယ်လို့ ကုန်သွယ်ရေးဝန်ကြီး Muhammad Lutfi က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ ပါတယ်။

ဟင်းသီးဟင်းရွက်ဆီတင်ပို့မှုကို အစိုးရကတားမြစ်ထားခြင်းမရှိသော်လည်း ပြည်တွင်းထောက်ပံ့မှုတိုင်းတာရန်အတွက် တင်ပို့မှုမှတ်တမ်း အပြည့်အစုံရှိရန်လိုအပ်ကြောင်း ၎င်းကပြောကြားပါတယ်။ မူဝါဒအသစ်ကို ခြောက်လကြာ ချမှတ်ပြဋ္ဌာန်း ထားမှာ ဖြစ်ပါတယ်။

စားအုန်းဆီတင်ပို့သူများအနေဖြင့် ဇန်နဝါရီ ၂၄ ရက်မှစတင်ကာ ကုန်သွယ်မှုဝန်ကြီးဌာနထံမှ ပို့ကုန်ပါမစ် ရယူရမည်ဖြစ်ကြောင်း အကြီးတန်း အရာရှိ အင်ဒရာဆာရီ ဝိစနုဝါဒါနာက virtual media သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါတယ်။ လက်ရှိမှာတော့ တင်ပို့သူတွေက အကောက်ခွန်ရှင်းလင်းရေး လုပ်ကိုင်ဖို့ပဲလိုအပ်ပါတယ်။ ပို့ကုန်ပါမစ်လျှောက်ထားဖို့ မလိုအပ်ပါဘူး။

စားအုန်းဆီ တင်ပို့သူများအနေဖြင့် လာမယ့် ၆ လ အတွင်း ပြည်တွင်းဈေးကွက်မှာ မည်ရွေ့မည်မျှ ရောင်းချပေးကြောင်း စာရင်းကြေညာဖို့ လိုအပ်မှာဖြစ်ပြီး စာရင်းမကြေညာတဲ့လုပ်ငန်းတွေကို စားအုန်းဆီပို့ကုန်ပါမစ် ပိတ်ထားမယ်လို့လည်း အင်ဒရာဆာရီ ဝိစနုဝါဒါနာက ပြောကြားပါတယ်။ အစိုးရအနေဖြင့် စားအုန်းဆီလုပ်ငန်းရှင်များ ပြည်တွင်းဈေးကွက်မှာ ရောင်းချပေးရမယ့် အနည်းဆုံး ပမာဏ သတ်မှတ်ပြဋ္ဌာန်းမှာမဟုတ်ကြောင်းလည်း ၎င်းကပြောကြားပါတယ်။

ဟင်းချက်ဆီ တစ်ခုတည်းသော ရောင်းဈေးမူဝါဒကို ဇန်နဝါရီလ ၁၉ ရက်မှာစတင်ပါတယ်။ လောလောဆယ် သတ်မှတ်ဈေးက ဟင်းချက်ဆီတစ်လီတာ 14,000 rupiah (US$0.9766) ဖြစ်ပါတယ်။ အဲဒီဈေးနှုန်းက အိမ်သုံးအဖြစ်ဝယ်ယူခြင်းနဲ့ လုပ်ငန်းငယ်များ ဝယ်ယူခြင်းတို့အတွက်သာဖြစ်ပါတယ်လို့ သူကရှင်းပြပါတယ်။

လက်ရှိဟင်းချက်ဆီ လက်လီရောင်းဈေးက တစ်လီတာ 21,000 rupiah ဖြစ်ပြီး ဈေးတက်ရိပ်ပြနေပါတယ်။ အစိုးရ သတ်မှတ်တဲ့ တစ်ခုတည်းသော ရောင်းဈေးဖြင့် ရောင်းချပေးနိုင်ဖို့ အစိုးရက အင်ဒိုနီးရှားနိုင်ငံသုံးငွေ ရူပီယာ ၇.၆ ထရီလီယံ သုံးစွဲပြီး ထောက်ပံ့ပေးမှာဖြစ်ပါတယ်။ ၆ လတိုင်တိုင် လစဉ်ဟင်းချက်ဆီ လီတာသန်း ၂၅၀ အတွက် ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ အခုလို ထောက်ပံ့ဖို့ ရန်ပုံငွေကိုရရှိဖို့ ပြည်ပတင်ပို့တဲ့ စားအုန်းဆီများထံမှ ပို့ကုန်ခွန်ကောက်ခံသွားမှာဖြစ်ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4225-indonesia-require-palm-oil-export-permits.html

## ဗြိတိန်နိုင်ငံအတွက် အထူးအခွင့်အလမ်း တစ်ရပ်အဖြစ် ထွက်ပေါ်လာနိုင်သည့် ဗြိတိန်-အိန္ဒိယ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်



https://www.myawady.net.mm/node/20867

ဗြိတိန်နှင့်အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံကြား လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရေးအတွက် တရားဝင်ဆွေးနွေးပွဲများကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကျင်းပခဲ့သည်။

ကုန်သွယ်ရေး ဆွေးနွေးပွဲများကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အဆိုပါဆွေးနွေးပွဲများ ကျင်းပရသည့် အဓိကရည်ရွယ်ချက်မှာ နှစ်နိုင်ငံကြား ကုန်သွယ်မှုပြုလုပ်ရာတွင် ကုန်ပစ္စည်းများ ပိုမိုလွတ်လပ်စွာ စီးဆင်းစေရေးနှင့် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏ တိုးမြှင့်စေရေးတို့အတွက်ပင်ဖြစ်သည်။

ဗြိတိန်နိုင်ငံအနေဖြင့် အိန္ဒိယနှင့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရေးသည် ဥရောပသမဂ္ဂအဖွဲ့မှ ဗြိတိန် နုတ်ထွက်ရန်ဆုံးဖြတ်ပြီးနောက် အဓိကဦးစားပေးလုပ်ဆောင်ရန် ကြိုးပမ်းနေသည့်လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ထို့ပြင် ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂအဖွဲ့၏ ဘုံကုန်သွယ်ရေး သဘောတူညီချက်မှ ကင်းလွတ်ပြီဖြစ်သောကြောင့် ဗြိတိန် အစိုးရ အနေဖြင့် ကမ္ဘာ့နိုင်ငံများကြား ရေပန်းစားလာသော အင်ဒို-ပစိဖိတ်ဒေသ တစ်ဝန်းရှိ စီးပွားရေးတိုးတက်လာသည့် နိုင်ငံများနှင့် ကုန်သွယ်ရေးအရ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်စေရန် မူဝါဒချမှတ်နိုင်ပြီဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် အလျင်အမြန်တိုးတက်လာခြင်းကြောင့် ယင်းနိုင်ငံနှင့် ကုန်သွယ်ရေးသဘောတူညီချက် ချမှတ်နိုင်ခြင်းမှာ ဥရောပသမဂ္ဂမှ နုတ်ထွက်ခဲ့သည့် ဗြိတိန်အတွက် အထူးအခွင့်အရေးတစ်ရပ်ဖြစ်သည့်အပြင် ဗြိတိန်စီးပွားရေး လုပ်ငန်းများကိုလည်း တခြားနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများထက် ပိုသာသည့်အခြေအနေသို့ ရောက်ရှိလာစေနိုင်ကြောင်း ဗြိတိန်မူဝါဒချမှတ်သူများက ယူဆနေကြသည်။ ထို့ကြောင့် ဗြိတိန်အနေဖြင့် အိန္ဒိယနှင့် ကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရေးအတွက် ဦးစားပေးကြိုးပမ်းနေခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

အကယ်၍ နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့်စပ်လျဉ်းပြီး သဘောတူညီချက်ချမှတ်နိုင်မည်ဆိုပါက ဗြိတိန်အနေဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းများကို နှစ်ဆတိုး၍ အိန္ဒိယသို့တင်ပို့နိုင်မည့်အပြင် ၂၀၃၅ ခုနှစ်ခန့် တွင် နှစ်နိုင်ငံကြား ကုန်သွယ်မှုပမာဏကို စတာလင်ပေါင် ၂၈ ဘီလီယံ (အမေရိကန် ဒေါ်လာ ၅၀ ဒသမ ၇ ဘီလီယံကျော်)အထိ တိုးမြှင့်နိုင်မည်ဖြစ်သည်။ ဗြိတိန်နှင့် အိန္ဒိယ တို့၏ နှစ်နိုင်ငံကြားကုန်သွယ်မှု ပမာဏမှာ ၂၀၁၉ ခုနှစ်အတွင်းက စတာလင်ပေါင် ၂၃ ဘီလီယံရှိသည်။

အိန္ဒိယနိုင်ငံသည် ယခုအခါ စီးပွားရေး တိုးတက်လာသည်နှင့်အမျှ နိုင်ငံအတွင်းရှိ လူလတ်တန်းစားများသည် အရည်အသွေး အလွန်ကောင်းမွန်သည့် ဗြိတိန်နိုင်ငံထုတ် ကုန်ပစ္စည်းများကို မျက်စိကျလျက်ရှိသည်။ ထို့ပြင် ဗြိတိန်နှင့်အိန္ဒိယနိုင်ငံ တို့သည် ၎င်းတို့ကြား ခိုင်မာသည့်ကုန်သွယ်ရေးတစ်ရပ်ကို တည်ထောင်ထားသည့်အပြင် အိန္ဒိယပြည်သူ တစ်သန်းကျော်သည် လက်ရှိတွင် ဗြိတိန်၌နေထိုင်လျက်ရှိသည်။ အလားတူ အိန္ဒိယအနေဖြင့်လည်း ဗြိတိန်နှင့်မည်သည့်ကုန်သွယ်ရေး သဘော တူညီချက်တစ်ရပ်ကိုမဆို ချမှတ်နိုင်ခြင်းအားဖြင့် အိန္ဒိယပြည်သူများ ဗြိတိန်သို့သွားရောက်နေထိုင်၍ အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဟု အိန္ဒိယအစိုးရက မျှော်လင့်နေသည်။

အိန္ဒိယအစိုးရသည် အထူးသဖြင့် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကျောင်းသားများ ဗြိတိန်နိုင်ငံ၌ နေထိုင်ခွင့်နှင့် အလုပ်လုပ်ကိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုထားသည်။ အိန္ဒိယနိုင်ငံသည် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ် တက်လှမ်းရန် မျှော်မှန်းထားခြင်းကြောင့် ယင်းနိုင်ငံနှင့်လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက် တစ်ရပ်ချမှတ်နိုင်ပါက ဗြိတိန်နိုင်ငံအနေဖြင့် ၎င်းတို့၏ကုန်ပစ္စည်းများကို အခွန်သက်သာစွာ အိန္ဒိယဈေးကွက်အတွင်းသို့ ပိုမိုထိုးဖောက် ဝင်ရောက်စေနိုင်မည်ဖြစ်သည့်အပြင် နှစ်နိုင်ငံကြား ကုန်သွယ်ရာတွင် လက်ရှိတွေ့ကြုံနေရသည့် ကုန်သွယ်ရေးဆိုင်ရာ အဟန့်အတားများကို ဖယ်ရှားလိုသည့် ဗြိတိန်နိုင်ငံအတွက် အောင်မြင်မှုတစ်ရပ်အဖြစ် ထွက်ပေါ်လာမည်ဖြစ်သည်။

ဗြိတိန်အနေဖြင့် အိန္ဒိယနှင့် ပြည့်ဝသည့် ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ချမှတ်နိုင်ရေးအတွက် နှစ်ပေါင်းများစွာ ကြိုးပမ်းခဲ့သော်လည်း လက်ရှိအချိန်ထိ ထူးထူးခြားခြား အောင်မြင်မှုမရှိသေးပေ။ ထို့ကြောင့် ဗြိတိန်နိုင်ငံက အိန္ဒိယနှင့် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် ချမှတ်နိုင်မည်ဆိုပါက ဥရောပသမဂ္ဂကိုကျော်ဖြတ်၍ အိန္ဒိယနှင့် သဘောတူညီချက်ချမှတ်နိုင်သည့် ဥရောပနိုင်ငံဖြစ်လာမည်ဖြစ်သည်။ နှစ်နိုင်ငံကြား ကုန်သွယ်ရေးနှင့်စပ်လျဉ်း၍ ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့ကြား ၂၀၂၁ ခုနှစ် မေလအတွင်းကလည်း အွန်လိုင်းမှ တစ်ဆင့် ဆွေးနွေးပွဲများကျင်းပခဲ့ကာ သဘောတူညီချက်တစ်ရပ်ကို ချမှတ်နိုင်ခဲ့ပြီးဖြစ်သည်။

ဗြိတိန်-အိန္ဒိယ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီချက် ချမှတ်နိုင်ရေးဆွေးနွေးပွဲများ၏ရလဒ်သည် မည်သို့ထွက်လာမည်ကို အတိအကျမသိရသေးသော်လည်း စီးပွားရေးနှင့်နည်းပညာ အလျင်အမြန်တိုးတက်လာပြီး ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာနိုင်သည့် အိန္ဒိယနှင့်လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက် ချမှတ်နိုင်မည်ဆိုပါက အင်ဒို-ပစိဖိတ်ဒေသအတွင်း စီးပွားရေးချဲ့ထွင်ရန် ကြိုးပမ်းနေသည့် ဗြိတိန်အတွက် အခွင့်အလမ်းဖြစ်လာနိုင်ဖွယ်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**Source:** https://www.myawady.net.mm/node/20867

## နှစ်ကုန်အားလပ်ရက်ရှည်ကာလအတွင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ပြန်လည်မြင့်တက်လာမှုမရှိစေရန် ဂျပန်နိုင်ငံအစိုးရအထူးသတိပြုနေ

ဒီဇင်ဘာလကုန်မှအစပြုမည့် နှစ်သစ်ကူးအားလပ်ရှည်ကာလအတွင်း ဇာတိပြန်ကြမည့် ပြည်သူများကြောင့် ဒီဇင်ဘာလ ၂၉ ရက်နေ့၌ လေဆိပ်နှင့်ရထားဘူတာရုံများတွင် လူများပြည့်ကျပ်နေသည်ကိုတွေ့ရပါသည်။ ပြည်တွင်း၌ Omicron မျိုးဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ စတင်တွေ့ရှိလာရသည့်အပြင် ပိတ်ရက်ရှည်ကာလအတွင်း လူအများခရီးသွား လာကြခြင်းများကြောင့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ထပ်မံမြင့်တက်လာမည်ကို ဂျပန်အစိုးရတာဝန်ရှိသူများက စိုးရိမ်နေကြပါသည်။ နှစ်သစ်ကူးကာလအတွက် ခရီးသွားလာခြင်းနှင့် ပျော်ပွဲရွှင်ပွဲများပြင်ဆင်နေကြချိန်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ထပ်မံမဖြစ်ပွားစေရန် ပြည်သူများအား အထူးသတိပြုကြရန် ဗဟိုအစိုးရနှင့်ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့မှတာဝန်ရှိသူများက

နိုးဆော်လျက်ရှိပါသည်။ အားလပ်ရက်ရှည်အတွင်း ပြည်သူများ၏ ခရီးသွားလာမှုများမြင့်တက်လာသဖြင့် လူထုအတွင်း Omicron မျိုးဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ အရှိန်အဟုန်ဖြင့် ပြန့်ပွားလာနိုင်ကြောင်းကို အထူးသတိပြုရန်လို ကြောင်း တိုကျိုမြို့တော်ဝန် Ms. Koike Yuriko မှ သတိပေးပြောကြားခဲ့ပါသည်။

လက်ရှိ၌ မြို့တော်တိုကျိုအပါအဝင် စီရင်စု ၇ခုတွင် ပြည်တွင်းကူးစက်မှုအဖြစ် Omicron မျိုးကွဲသစ်ကူးစက်မှုများ ပြန့်ပွားနေကြောင်း ၊ မျိုးဗီဇပြောင်း Omicron ကိုရိုနာဗိုင်းရပ်စ်သည် ပြင်းထန်သည့် ရောဂါလက္ခဏာများ ဖြစ်နိုင်ချေနည်းသည် ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အစီရင်ခံစာတွင် ဖော်ပြထားသော်လည်း အလျင်အမြန်ကူးစက်နှုန်းမြင့်မားကြောင်းသိရသည့် အတွက် အကယ်၍ဂျပန်နိုင်ငံအတွင်း တဖန်ကူးစက်မှုများမြင့်တက်လာပါက နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ထိခိုက် စေနိုင်ကြောင်းဟု ကျွမ်းကျင်သူများက သတိပေးထားပါသည်။

ဒီဇင်ဘာလ ၂၉ ရက်နေ့ထုတ်ပြန်ချက်အရ တိုကျိုမြို့တွင် ရောဂါပိုးကူးစက်သူဦးရေ ၇၆ ထိ တိုးတက်လာခဲ့ပြီး ယခင် အောက်တိုဘာလနောက်ပိုင်း တစ်နေ့တာကူးဆက်သူဦးရေ ၅၀ ကျော်သို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

**Source:** https://mainichi.jp/ , https://japantoday.com/

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## ဂျာမနီနိုင်ငံ၏ နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုဆိုင်ရာဆောင်ရွက်ချက်များ

အီးယူဒေသတွင် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်စည်များကို နယ်စပ်ဖြတ်ကျော်လွတ်လပ်စွာ သယ်ဆောင်၍ တင်ပို့ တင်သွင်းခွင့်(free movement of goods) ရှိသည့် အခြေခံမူ(principle)ကို ချမှတ်ထားရှိပါသည်။ အီးယူအဖွဲ့ဝင် နိုင်ငံ တစ်နိုင်ငံတွင် တရားဝင်ဈေးကွက် ဝင်ရောက်ထားသော စားသောက်ကုန်ပစ္စည်းများကို ယေဘူယျအားဖြင့် အခြားအဖွဲ့ဝင် နိုင်ငံများသို့ အဆိုပါနိုင်ငံ၏ သီးခြားစည်းမျဉ်းများနှင့် ကိုက်ညီမှုမရှိသော်လည်းတင်သွင်း၍ ဈေးကွက်ဝင်ရောက်ခွင့် ရရှိနိုင် ပါသည်။ ဂျာမနီနိုင်ငံတွင် အဆိုပါသတ်မှတ်ချက်ကို German Food and Feed Code (LFGB) ၏ အပိုဒ်(၅၄) အရ ချမှတ် ထားသောစည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိဘဲ ဝင်ရောက်လာသည့် အခြားအဖွဲ့ဝင် နိုင်ငံများမှ ကုန်ပစ္စည်းများတွင် ကျန်းမာ ရေးဆိုင်ရာကာကွယ်မှုအရ Federal Gazette မှ ထုတ်ပြန်ထားသည့် General Disposition ဖြင့် အတည်ပြုထားသည့် ကုန်ပစ္စည်းများကိုသာ ဈေးကွက်တွင်းသို့ ဝင်ရောက်ခွင့်ရရှိရန် ဆောင်ရွက်ထားပါသည်။ Federal Office of Consumer Protection and Food Safety (BVL) က နယ်စပ်ဖြတ်ကျော်တင်သွင်းလာသည့် လျှောက်လွှာများပေါ်မူတည်၍ General Disposition များကို ထုတ်ပြန်ပြီး တင်သွင်းလျှောက်ထားသူက လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများကို ပြည့်စုံစွာ တင်ပြရန်လိုအပ်ပါသည်။ နည်းပညာပိုင်း စစ်ဆေးမှုများကို BVL က Federal Institute for Risk Assessment နှင့် ပူးပေါင်း စစ်ဆေးမှုပြုလုပ်ပါသည်။ တင်သွင်းပစ္စည်းများသည် ပင်ရင်းဒေသ ထုတ်ကုန်ဖြစ်ကြောင်းသက်သေထောက်ခံချက်ပါရှိရန် လိုအပ် ပါသည်။

စားသောက်ကုန်များတင်သွင်းမှုအတွက် သက်ဆိုင်ရာဌာန၏ တရားဝင်ခွင့်ပြုချက် ရယူရန်လိုအပ်ပြီး ခွင့်ပြုပြီးစာရင်း များကို ဥရောပကော်မရှင်၏သတ်မှတ်စည်းမျဉ်းများအရ database စနစ်တွင်ထည့်သွင်း၍ BVL ၏ ဝက်ဘ်ဆိုက်တွင် ခွင့်ပြုချက်အမှတ်နှင့် အချက်အလက်များ ပြည့်စုံစွာဖော်ပြ၍ ထုတ်ပြန်ပါသည်။ ဥရောပကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် အီးယူဒေသသို့ အီးယူအဖွဲ့ဝင်နိုင်ငံများနှင့် အခြားအီးယူပြင်ပနိုင်ငံများမှဝင်ရောက်ရန် အတည်ပြုချက်ရယူပြီးသည့် တိရစ္ဆာန် ထွက်ပစ္စည်းပါဝင်သောစားသောက်ကုန်များစာရင်းကို ထုတ်ပြန်ပေးပါသည်။ BVL က အကောက်ခွန်ရုံးများ၊ နယ်စပ် စစ်ဆေး စခန်းများ စသည်တို့၏ စာရင်းများကိုထိန်းသိမ်းထားရှိပြီး Federal Gazette က စာရင်းထုတ်ပြန်မှုကို ဆောင်ရွက်ပါသည်။ အီးယူ၏ Official Controls Regulation (EU) 2017/625 က အီးယူဒေသသို့တင်သွင်းသည့် တိရစ္ဆာန်များနှင့် ကုန်ပစ္စည်းများ အတွက် Official Controls နှင့် ပတ်သက်သည့်စည်းမျဉ်းများကို ထုတ်ပြန်ထားရှိပါသည်။ ထို့ပြင် Regulation (EU) 2019/1793 ဖြင့် တိရစ္ဆာန်ထွက်ပစ္စည်းမပါဝင်သော အစားအစာများ ဝင်ရောက်မှုကို စစ်ဆေးကြီးကြပ်ခြင်းအတွက် စည်းမျဉ်းများချမှတ်ထား ရှိပါသည်။ စည်းမျဉ်းများချမှတ်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များမှာ တင်သွင်းကုန်များတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှု

မရှိသော အချက်အလက်များကောက်ယူရန်၊ ထုတ်လုပ်သူနှင့်တင်သွင်းသူများအား ဈေးကွက်သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသော ကုန်ပစ္စည်းများကိုသာ ထုတ်လုပ်တင်သွင်းလာစေရန်နှင့် စားသုံးသူများအား ညစ်ညမ်းပစ္စည်းများပါဝင်သော၊ အပြစ်အနာအဆာရှိသော ကုန်ပစ္စည်းများသုံးစွဲခြင်းမှ ကာကွယ်မှုပေးနိုင်ရန်အတွက်ဖြစ်ပါသည်။

နယ်စပ်ဖြတ်ကျော်ဝင်ရောက်သည့်စားသောက်ကုန်များတွင် အီးယူအဖွဲ့ဝင်နိုင်ငံများ သို့မဟုတ် အခြားအီးယူပြင်ပနိုင်ငံများက စည်းမျဉ်းလိုက်နာမှုမရှိသည်များကို ဂျာမန်အစားအစာထိန်းချုပ်ရေး အာဏာပိုင်များက အသိပေးအကြောင်းကြားစာ ထုတ်ပြန်ခြင်းဆောင်ရွက်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် BVL က liaison body အနေဖြင့် သက်ဆိုင်ရာနိုင်ငံများရှိ ဆက်သွယ်ဆောင်ရွက်ရမည့်ဌာနများနှင့်ဆက်သွယ်၍ ခါတ်ခွဲစစ်ဆေးတွေ့ရှိချက်၊ တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာစသည် တို့ပါဝင်သည့် အချက်အလက်များကိုပေးပို့ခြင်း၊ သက်ဆိုင်ရာနိုင်ငံများက ပြန်လည်ပြင်ဆင်ပေးပို့သည့် အချက်အလက်များကို ဂျာမန်အစားအစာ ထိန်းချုပ်ရေးအာဏာပိုင်များသို့ ဆက်လက်ပေးပို့ဆောင်ရွက်ခြင်းတို့ပြုလုပ်ပါသည်။ အလားတူ ဂျာမနီနိုင်ငံက အီးယူအဖွဲ့ဝင်နိုင်ငံများ သို့မဟုတ် အခြားအီးယူပြင်ပနိုင်ငံများသို့ တင်ပို့သောစားသောက်ကုန်များတွင် သက်ဆိုင်ရာနိုင်ငံရှိ စည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိသည်များကို ထုတ်ပြန်ကြေငြာချက်များအတွက်လည်း BVL ကပင် နှစ်ဘက်အကြား ချိတ်ဆက်ဆောင်ရွက်မှုလုပ်ဆောင်ပါသည်။ BVL သည် ဥရောပကော်မရှင်၏ အစားအသောက်နှင့်တိရစ္ဆာန်ကျန်းမာရေးဌာန၏ စစ်ဆေးမှုလုပ်ငန်းများအတွက် ဂျာမနီနိုင်ငံ၏ Contact Point အနေ ဖြင့်လည်းဆောင်ရွက်ပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း နယ်စပ်ဖြတ်ကျော်ကုန်စည်ကူးသန်း သွားလာမှုများအား ပိတ်ပင်ခြင်း၊ ကန့်သတ်ထိန်းချုပ်မှုများတိုးမြှင့်ခြင်းတို့ဆောင်ရွက်ကြရပြီး ဝယ်လိုအားလျော့နည်းသွားခြင်းများ ကြုံတွေ့ကြရပါသည်။ တစ်ဖက်တွင်လည်း ဒစ်ဂျစ်တယ်စနစ်အသုံးပြု၍ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာစာရွက်စာတမ်းများနှင့် ဒေတာအချက်အလက်များပေးပို့ခြင်း၊ ဆက်သွယ်ခြင်းတို့ကို ပိုမိုဆောင်ရွက်လာကြသည်။ ဂျာမနီနိုင်ငံတွင် ကုန်သယ်ယူပို့ဆောင်မှု လုပ်ငန်းများအတွက် စာရွက်စာတမ်းများကို အီလက်ထရောနစ်စနစ်အသုံးပြု ဆောင်ရွက်စေရန် ဥပဒေပြဌာန်းမှုများကို ၂၀၁၃ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့သည်။ ထိုသို့ပြဌာန်းမှုများသည် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင်လည်း လိုက်နာဆောင်ရွက်လာကြစေရန် လက်ရှိဥပဒေ များကို UNCITRAL Model Law on Electronic Transferable Records (MLETR) နှင့်အညီ ပြောင်းလဲချမှတ်ဆောင်ရွက်ရန်လိုအပ်လာပါသည်။ ယင်းသို့လိုအပ်ချက်အရ သယ်ယူပို့ဆောင်မှုလုပ်ငန်း စာရွက်စာတမ်းများကို အီလက်ထရောနစ်စနစ်အသုံးပြုရေး စည်းမျဉ်းများချမှတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများက လက်ရှိဥပဒေများကို လိုက်နာကျင့်သုံးလာစေရန် Federal Ministry of Justice and Consumer Protection က စည်းမျဉ်းများချမှတ်ဆောင်ရွက်ခြင်း၊ Bills of Exchange အက်ဥပဒေတွင် ပုံစံများထပ်မံဖြည့်ခြင်း၊ အီလက်ထရောနစ်ပို့ဆောင်ရေး အာမခံလက်မှတ်များအသုံးပြုခြင်း၊ အီလက်ထရောနစ်စာရွက်စာတမ်းရှိအချက်အလက်များအတွက် စည်းမျဉ်းများချမှတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများက အီလက်ထရောနစ်စနစ်ဖြင့် လွှဲပြောင်းရယူခြင်းများအတွက် လိုအပ်သည့်နည်းပညာပိုင်းဆိုင်ရာ လက်တွေ့အကောင်အထည်ဖော်နိုင်မည့် စည်းမျဉ်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။ ဂျာမနီနိုင်ငံတွင် ဒစ်ဂျစ်တယ်ကူးသန်းရောင်းဝယ်ရေးစနစ် အသုံးပြုခြင်းဖြင့် လုပ်ငန်းများ၏ အချိန်နှင့်စရိတ်ကုန်ကျသက်သာမှုသည် ၂၀၁၉ ခုနှစ်မှ ၂၀၂၆ ခုနှစ် အတွင်း ၈၁ရာခိုင်နှုန်းရှိနိုင်ကြောင်း ခန့်မှန်းထားပါသည်။

အီးယူဒေသအတွင်း ကုန်စည်များလွတ်လပ်စွာစီးဆင်းနိုင်စေရန်ရည်ရွယ်၍ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများအကြား ဈေးကွက်ဝင်ရောက်မှုအဆင်ပြေချောမွေ့စေရေးအတွက် အဖွဲ့ဝင်နိုင်ငံများတွင် Product Contact Points များကို စီစဉ်ထားရှိပါသည်။ Contact Points များက ထုတ်ကုန်ဆိုင်ရာအချက်အလက်များ၊ ဥပဒေပြဌာန်းချက်များ၊ စည်းမျဉ်းများကို ပံ့ပိုးဆောင်ရွက်ပါသည်။ ဂျာမနီနိုင်ငံတွင် Federal Agency for Agriculture and Food (BLE) က လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းနှင့် စားသုံးကုန်စည်များအတွက်လည်းကောင်း၊ Federal Institute for Materials Research and Testing (BAM) က ကျန်ကုန်စည်များအတွက် လည်းကောင်း Product Contact Points များအဖြစ် ဆောင်ရွက်ကြပါသည်။

Cross Border ကုန်သွယ်မှုလုပ်ငန်းရပ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး လုပ်ငန်းရပ်များသည်လည်း များစွာအရေးပါသည့်အားလျော်စွာ ဂျာမနီနိုင်ငံရှိ German Alliance for Trade Facilitation က အစိုးရစီးပွားရေးလုပ်ငန်းများနှင့်မိတ်ဘက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများဖော်ဆောင်ပေးပြီး WTO Trade

Facilitation Agreement ကို အကောင်အထည်ဖော်နိုင်ရန် ပံ့ပိုးပေးပါသည်။ ထို့ပြင် GIZ နှင့်ပူးပေါင်း၍ မိတ်ဘက်နိုင်ငံများနှင့် Development Project များကို အကောင်အထည်ဖော်ပြီး ကုန်သွယ်မှုလုပ်ငန်းများတွင် အချိန်နှင့်စရိတ်များလျှော့ချနိုင်ခြင်း၊ စီးပွားရေးအကျိုးဖြစ်ထွန်းမှုများ ရရှိစေခြင်းတို့ကို ပံ့ပိုးဆောင်ရွက်ပေးပါသည်။

Sources : -

https://www.bvl.bund.de/EN/Tasks/01_Food/01_tasks/05_Crossborder_Trade/Crossborder_Trade_node.html

https://blog.seeburger.com/updated-german-vat-rules-for-cross-border-e-commerce-in-the-eu/

https://www.tradefacilitation.de/en/about-us/

https://www.ble.de/EN/Topics/Market-Organisation/ProductContactPoint

**သီတာဝင်းငွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘာလင်မြို့)**

## ဒေါ်လာငွေတန်ဖိုးမြင့်တက်မှုနှင့်အတူ ဘရာဇီးလ်နိုင်ငံ၊ ချီကာဂိုဈေးကွက်တွင် ပဲပုတ်စေ့ဈေးနှုန်းများ တက်ရိပ်ပြလျက်ရှိ




ဒေါ်လာငွေတန်ဖိုးမြင့်တက်နေမှုနှင့်အတူ ချီကာဂိုစတော့ ဈေးကွက်တွင် သီးနှံဈေးနှုန်းများမြင့်တက်ခဲ့သဖြင့် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့မှစတင်၍ ဘရာဇီးလ်နိုင်ငံရှိ သီးနှံဈေးကွက်များတွင်လည်း ပဲပုတ်စေ့ ဈေးနှုန်းများ လိုက်ပါမြင့်တက်ခဲ့သည်။

ဘရာဇီးလ်နိုင်ငံ၏ လက်ရှိသီးနှံစိုက်ပျိုးချိန်ကာလတွင် ပဲပုတ်စေ့ အဓိက စိုက်ပျိုးသည့် နိုင်ငံ၏တောင်ပိုင်းပြည်နယ်များနှင့် Mato Grosso do Sul ပြည်နယ်တို့တွင် မိုးခေါင်သည့် ရာသီဥတုဖြစ်ပေါ်နေမှုကြောင့် သီးနှံရိတ်သိမ်းချိန်တွင် အထွက်နှုန်းများ သိသိသာသာကျဆင်းနိုင်ကြောင်း ခန့်မှန်းလျက်ရှိသည်။

ဘရာဇီးလ်နိုင်ငံတွင် ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်လျှင် Passo Fundo(RS) ဈေးကွက်၌ ၁၈၂.၅၀ ဟဲရာမှ ၁၈၅.၀၀ ဟဲရာသို့လည်းကောင်း၊ Mission Region ဈေးကွက်တွင် ၁၈၁.၅၀ ဟဲရာမှ ၁၈၄.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Rio Grande ဈေးကွက်တွင် ၁၈၅.၅၀ ဟဲရာမှ ၁၈၈.၀၀ ဟဲရာသို့လည်းကောင်း၊ Cascavel (PR) ဈေးကွက်တွင် ၁၇၅.၅၀ ဟဲရာမှ ၁၇၈.၀၀ ဟဲရာသို့လည်းကောင်း၊ Port of Paranaguá (PR) ဈေးကွက်တွင် ၁၈၀.၅၀ ဟဲရာမှ ၁၈၃.၅၀ ဟဲရာသို့လည်းကောင်း၊ Rondonópolis (MT) ဈေးကွက်တွင် ၁၆၇.၀၀ ဟဲရာမှ ၁၇၀.၀၀ ဟဲရာသို့ လည်းကောင်း၊ Dourados (MS) ဈေးကွက်တွင် ၁၆၇.၀၀ ဟဲရာမှ ၁၇၀.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde (GO)ဈေးကွက်တွင် ၁၆၅.၀၀ ဟဲရာမှ ၁၆၆.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းများမြင့်တက်ခဲ့သည်။

ကမ္ဘာ့သီးနှံဈေးကွက်သို့ ပဲပုတ်စေ့အဓိကတင်ပို့နေသည့် တောင်အမေရိကနိုင်ငံများတွင် သီးနှံစိုက်ပျိုးရာသီချိန်အတွင်း မိုးခေါင်သည့်ရာသီဥတုဖြစ်ပေါ်နေမှုနှင့် လောင်စာဆီဈေးနှုန်းများ မြင့်တက်နေမှုတို့ကြောင့် အမေရိကန်နိုင်ငံရှိ ချီကာဂိုစတော့ဈေးကွက်(Chicago Commodity Exchange - CBOT)တွင် သီးနှံဈေးနှုန်းများမြင့်တက်ခဲ့ရာ ဇန်နဝါရီလ ၄ ရက်နေ့တွင် ၅ လတာကာလအတွင်း အမြင့်ဆုံးအခြေအနေသို့ရောက်ရှိခဲ့သည်။ ဘရာဇီးလ်နိုင်ငံနှင့်အာဂျင်တီးနားနိုင်ငံတို့တွင် မိုးခေါင်သည့် ရာသီဥတုဖြစ်ပေါ်လျက်ရှိနေသဖြင့် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုတွင် ဆုံးရှုံးမှုများတွေ့ကြုံရနိုင်ရန် ခန့်မှန်းချက်များ ထွက်ပေါ်လာခဲ့ပြီးနောက် ဆီထွက်သီးနှံဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိနေသည်။ ချီကာဂိုဈေးကွက်၌ ၂၀၂၂ ခုနှစ်၊ မတ်လအတွက် ပဲပုတ်စေ့ကြိုပို့ရောင်းဝယ်မှုတွင် ပဲပုတ်စေ့ ၁ စည်လျှင် ၀.၃၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၃.၉၄ ဒေါ်လာဖြင့်လည်းကောင်း၊ မေလအတွက်ကြိုပို့ရောင်းဝယ်မှုတွင် ၀.၃၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး၊ အမေရိကန်ဒေါ်လာ ၁၄.၀၃ ဒေါ်လာဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ပဲပုတ်စေ့ထွက်ကုန်ဈေးကွက်တွင် မတ်လအတွက်ကြိုပို့ရောင်းဝယ်မှု၌ ၀.၃၁ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ပဲပုတ်အခွံ ၁ တန် လျှင် အမေရိကန်ဒေါ်လာ ၄၁၃.၄၀ ဒေါ်လာဖြင့်လည်းကောင်း၊ ပဲပုတ်ဆီဈေးကွက်တွင်

၁.၉ ရာခိုင်နှုန်းပိုမိုမြင့်တက်ခဲ့ပြီး ၁ ပေါင်လျှင် အမေရိကန်ဒေါ်လာ ၅၉.၄၄ ဆင့် ဖြင့်လည်းကောင်း ရောင်းဝယ်ခဲ့ကြသည်။

ဘရာဇီးလ်နိုင်ငံ၏ နိုင်ငံခြားငွေကြေးရောင်းဝယ်မှုဈေးကွက်တွင် ဂ.၃၆ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ပြီး အမေရိကန် ၁ ဒေါ်လာလျှင် ၅.၇၁ဂဂ ဟဲရာဖြင့် ရောင်းဝယ်ခဲ့ကြသည်။ အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုးဖြစ်သည့် အိုမီခရွန်ပြန့်ပွားနေမှုနှင့် အခြေခံဘဏ်တိုးနှုန်း တိုးမြှင့်နိုင်မည့် ခန့်မှန်းချက်များထွက်ပေါ်နေသဖြင့် အမေရိကန်ဒေါ်လာငွေကြေးတန်ဖိုးအပေါ် အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

Source: **canalrural.com.br**

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## STOCK EXCHANGE (19.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 19th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,100 | 8,300 | 8,100 | 3,071 | 25,114,500 | 33,109,694 | 271,499 |
| MTSH | 00002 | 3,150 | +50 | +1.61% | 3,000 | 3,150 | 3,000 | 5,369 | 16,762,200 | 38,929,150 | 122,627 |
| MCB | 00003 | 8,100 | +200 | +2.53% | 8,100 | 8,100 | 8,100 | 100 | 810,000 | 10,400,986 | 84,248 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 10 | 27,000 | 12,823,224 | 34,623 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 19,977,223 | 56,935 |
| AMATA | 00007 | 5,400 | +300 | +5.88% | 5,400 | 5,400 | 5,400 | 11 | 59,400 | 10,497,598 | 56,687 |

### Market summary

As of 19th Jan. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 387.92 | +4.13 | +1.08% | 381.46 | 388.62 | 381.46 | 8,561 | 42,773,100 | 7 | 674,824 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 19th Jan. 2022

| MYANPIX | 387.92 ▲ 4.13 |
|---|---|
| Total Volume (shares) | 8,561 |
| Total Value (MMK) | 43 mil |
| Listed Company | 7 |
| Market Cap. (MMK) | 674,824 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,150 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 200 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 300 |

TIR